# ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ကျင်းပခဲ့သည့် ပါရမီစားပွဲဝိုင်းအဖွဲ့၏ ၁၇ ကြိမ်မြောက် အေအီးစီ အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာ




ပါရမီစားပွဲဝိုင်းအဖွဲ့၏ (၁၇) ကြိမ်မြောက် အေအီးစီ အလုပ်ရုံဆွေးနွေးပွဲကို "Regional Cooperation in Southeast Asia" ခေါင်းစဉ်ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ရန်ကုန်မြို့၊ စီးပွားရေးတက္ကသိုလ်၊ နီလာရတုခန်းမ၌ ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာ သီတာကြူ နှင့်ဆရာ၊ ဆရာမများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများနှင့် ကျောင်းသား ကျောင်းသူများစုစုပေါင်း ၂၀၀ခန့် တက်ရောက်ခဲ့ကြပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် Why we need cooperation ၊ AEC Beyond 2015 ၊ Status of AEC Today ၊ The role of SMEs in the AEC Era ခေါင်းစဉ်များဖြင့် ဒေါက်တာမျိုးသန့်၊ ဦးတင်ချို၊ ဒေါ်တင်တင်ထွေး၊ ဦးဇော်သန်း တို့က အသီးသီး

ဆွေးနွေးတင်ပြခဲ့ကြပြီး ဆရာမကြီး ဒေါက်တာ ဒေါ်ခင်အုန်းသန့်က ဆွေးနွေးပြီးသမျှကို ခြုံငုံဟောပြော ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန် စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန၊ ပါမောက္ခ/ ဌာနမှူး ဒေါက်တာ သီတာကြူက အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် ၂၀၀၃ ခုနှစ်မှစတင်ပြီး အာဆီယံ စီးပွားရေး အသိုက်အဝန်း (အေအီးစီ) စတင်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် သိသူအလွန် နည်းနေ သေးကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ဆိုင်ရာ ၃ လကြာ သင်တန်းကို ဖွင့်လှစ်ခဲ့ပြီး လူပေါင်း ၈၀၀ လောက်ကိုသာ အသိပညာပေးနိုင်ခဲ့ပါကြောင်း၊ ပါရမီ အနေဖြင့် မြန်မာနိုင်ငံအနံ့အပြားရှိ ပြည်သူလူထုကို ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး အသိပညာပေးနိုင်ခဲ့သည့်အတွက် အလွန်ကောင်းမွန်ပါကြောင်း၊ အေအီးစီမှာ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ ၃၁ ရက်နေ့မှ စတင်ပြီး အသက်ဝင်ခဲ့ပါကြောင်း၊ စိန်ခေါ်မှုများရှိသကဲ့သို့ အခွင့်အလမ်းများလည်း ရှိပါကြောင်း၊ အေအီးစီအကြောင်း ကောင်းစွာမသိရှိလျှင် ရရှိမည့်အခွင့်အလမ်းများကိုလည်း သိရှိ နိုင်မည် မဟုတ်ပါကြောင်း၊ ပါရမီစားပွဲဝိုင်းအဖွဲ့မှ ပညာရှင်များအနေဖြင့် စီးပွားရေး တက္ကသိုလ်တွင် ယခုကဲ့သို့ လာရောက်ဆွေးနွေးဟောပြောပေးသည့်အတွက်လည်း အထူးပင် ကျေးဇူးတင် ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

စီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်မှ Why we need cooperation ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောခဲ့ရာ မိမိတို့အနေဖြင့် စီးပွားရေးတက္ကသိုလ်တွင် အာဆီယံအကြောင်း လာရောက် ဟောပြောရသည့်အတွက် အလွန်ဂမ်းမြောက်မိပါကြောင်း၊ အာဆီယံတွင် ဘာကြောင့် ပူးပေါင်း သင့်သည် ဆိုသည့်အချက်ကို သေချာစွာသိရှိရန် အရေးကြီးပါကြောင်း၊ ကုန်သွယ်ရေးအပေါ် အခွန် လျှော့ခြင်းအားဖြင့် နိုင်ငံများပူးပေါင်းဆောင်ရွက်မှုရှိပါကြောင်း၊ နိုင်ငံများပူးပေါင်းရာတွင် အခွင့် အလမ်းများ ဖေ‌ဖော်ရန်၊ မိမိနိုင်ငံအကျိုးစီးပွားနှင့် အခွင့်အရေးများ ပိုမိုရရှိရန် စသည့်အချက် (၃) ချက်ဖြင့် ပူးပေါင်းကြပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရာတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဟူ၍ ကဏ္ဍခွဲခြားပြီး ပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ ထို့ပြင် ပူးပေါင်း

ဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးများ၊ ပူးပေါင်းဆောင်ရွက်မှုပုံစံများ၊ စီးပွားရေးစကြန်လမ်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် ကုန်ကျသည့်စရိတ်များ(ပေးဆပ်ရမှုများ) ၊ နိုင်ငံအနေဖြင့် အသားတင် အကျိုးအမြတ် အများဆုံးဖြစ်အောင်လုပ်ရန်နှင့် ယင်းအသားတင်အကျိုးအမြတ်များကိုလည်း နိုင်ငံသားအားလုံးအား ဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် အမြင်ရှိရန်နှင့် ယင်းအမြင်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း အစရှိသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဦးတင်ချိုက အာဆီယံအသိုက်အဝန်းနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါ်ပေါက်လာပုံ၊ အေအီးစီ၏အခွင့်အလမ်းများနှင့်အခွင့်အလမ်းများကို အရယူနိုင်ရေးအတွက် လုပ်ဆောင်ရမည့် အချက်များနှင့် အေအီးစီ၏ အခွင့်အလမ်းများကို ရယူနိုင်ရေးအတွက် အေအီးစီနှင့် ပတ်သက်ပြီး ကောင်းစွာ သိရှိရန်လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန်လည်းလိုအပ်ပါကြောင်း။ ပုဂ္ဂလိကကဏ္ဍ အချင်းချင်း လက်တွဲခေါ်ယူရန် အရေးကြီးကြောင်း ပြောကြားပါသည်။

ဒေါ်တင်တင်ထွေးက အေအီးစီနှင့်ပတ်သက်ပြီး သိရှိရမည့် အသေးစိတ် အချက်များ၊ MRA ၊ အာဆီယံ score card နှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ အာဆီယံကုန်သွယ်မှု စသည့် အချက်များကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ဦးဇော်သန်းက လက်ရှိ SME များအနေဖြင့် အေအီးစီနှင့်ပတ်သက်ပြီး သိရှိသူနည်းပါးပါကြောင်း၊ မြန်မာနိုင်ငံရှိ SME လုပ်ငန်း အရေအတွက်၊ SME လုပ်ငန်းများအတွက် ချေးငွေထုတ်ပေးမှုအခြေအနေ၊ ချေးငွေထုတ်ပေးသည့်လုပ်ငန်းအမျိုးအစားနှင့် တိုင်းဒေသကြီးများသို့ ချေးငွေဖြန့်ဖြူးပေးမှုများ၊ SME လုပ်ငန်းများအတွက် နိုင်ငံတကာ၏ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများ၊ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်များအကြောင်း အစရှိသည်ဖြင့် ဆွေးနွေးဟောပြောခဲ့ပါသည်။

ဒေါက်တာ ဒေါ်ခင်အုန်းသန့်က အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့အပြင် FDI သည်လည်း အရေးကြီးပါကြောင်း ပြောကြားခဲ့သည့်အပြင် အသေးစိတ်ဖတ်ရှုလိုပါက မိမိတို့

ဂက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် "အေအီးစီအတွက် လိုအပ်သည့် ပြင်ဆင်မှုများ " ခေါင်းစဉ်ဖြင့် ရေးသားထားသည့် ဆောင်းပါးတွင် သွားရောက် ဖတ်ရှုနိုင်ပါသည်။

မေးခွန်းများမေးမြန်းဖြေကြားသည့်အစီအစဉ်တွင် MBA ဒုတိယနှစ် မှ မမေဖူးထက်က အေအီးစီ ဖြစ်လာသည့်အတွက် နိုင်ငံခြား ထုတ်ကုန်များ ဝင်လာသည့်အချိန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ အနေဖြင့် ယှဉ်ပြိုင်နိုင်အောင် မည်သို့ လုပ်ဆောင်ရမည်နှင့် နည်းပညာပိုင်း အရသော်လည်းကောင်း၊ အရည်အချင်းအရ သော်လည်းကောင်း မည်သို့ပြင်ဆင်ရမည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဒေါက်တာမျိုးသန့်က ယှဉ်ပြိုင်နိုင်ရန်အတွက် လိုအပ်သည့်အချက်အလက်များကို ဦးတင်ချိုမှလည်း ဆွေးနွေး ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်ဖိုင်ကိုလည်း စီးပွားရေး တက္ကသိုလ်သို့ ပေးပို့ထားမည်ဖြစ်သည့် အတွက် ဆက်လက်လေ့လာနိုင်ပါကြောင်း ပြောကြားပါသည်။

EMDEVS ဒုတိယနှစ် မှ ကိုသန်းဌေးက မြန်မာနိုင်ငံတွင် SMEလုပ်ငန်းများ တိုးတက်ရန် မည်သို့လုပ်ဆောင်ရမည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဦးဇော်သန်းက မိမိတို့အနေဖြင့် လက်ရှိရှိနေသည့်အခြေခံမှ စတင်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အစိုးရမှ ဦးဆောင်လုပ်ဆောင် ပေးရမည်ဖြစ်ပါကြောင်း၊ မည်သည့်နိုင်ငံကိုရောင်းမည်၊ မည်သူများအတွက် ထုတ်လုပ်သည် အစရှိသည်တို့ကိုလည်း သေချာလေ့လာပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားပါသည်။

EMDEVS ဒုတိယနှစ် မှ ကိုသက်ထွန်းက မြန်မာနိုင်ငံနိုင်ငံတွင် အရှေ့အနောက်စီးပွားရေး စင်္ကြံ လမ်းအကြောင်း သိရှိသူအလွန်နည်းပါးပါကြောင်း၊ ယင်းသို့မသိရှိသည်မှာ မည်သည့်အပိုင်းက လိုအပ်ချက်ဖြစ်သည်ကို သိလိုကြောင်း မေးမြန်းပါသည်။

မိမိတို့ပါရမီစားပွဲဝိုင်းအဖွဲ့အနေဖြင့် အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းအကြောင်း မသိသေးသူများအတွက် Perspectives စာစောင်ထုတ်ဝေခြင်းနှင့် မိမိတို့၏ ဂက်ဆိုက်

www.aec.com.mm တွင်လည်း ယင်း Perspectives ကိုလည်း ဖော်ပြထားရှိပြီး အသိပညာဖြန့်ဝေပေးလျှက်ရှိပါကြောင်း ဒေါက်တာ မျိုးသန့်က ပြန်လည်ဖြေကြားပါသည်။

EMDEVS ပထမနစ်မှ မောင်သန်းထွန်းက အေအီးစီစလာလျှင် အခွန်နှင့်ပတ်သက်ပြီး အခွင့်အရေးရ မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်ကုန်တစ်ခုသည် မြန်မာကုန်ကြမ်းပစ္စည်း၊ လုပ်အားအစရှိသည်တို့ အနည်းဆုံး ၄၀ ရာခိုင်နှုန်း ပါဝင်ပါက အခြားနိုင်ငံသို့ ပို့လျှင် အကောက်ခွန်ကင်းလွတ်ခွင့်ရှိသည်ဟု သိရှိရပါကြောင်း၊ မိမိတို့တွင် ယင်းသို့ ထုတ်လုပ်မှုများ မရှိသေးပါကြောင်း၊ မိမိတို့အနေဖြင့် အေအီးစီစတင်လာသည့်အခါ မည်သည့်အပိုင်းကိုထုတ်လုပ်လျှင် ပိုမိုအခွင့်အရေးရနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

အခွန်ကင်းလွတ်ခွင့်ရရှိရန်အတွက် ၄၀ ရာခိုင်နှုန်းပြည့်မီကြောင်း Form D ကို သုံးစွဲရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင် Form D ကို သုံးစွဲမှုနှုန်းမှာ ၄၀ ရာခိုင်နှုန်း ရှိကြောင်း၊ မိမိတို့မှာ ၂ ရာခိုင်နှုန်းသာသုံးပါကြောင်း၊ မိမိတို့အနေဖြင့် မည်သည့် နိုင်ငံက မည်သည့်ပစ္စည်း လိုအပ်သည်ကိုလေ့လာပြီး ရောင်းချရ မည်ဖြစ်ပါကြောင်း၊ အာဆီယံဈေးကွက်သည် မည်သည့်ပုံစံဖြစ်သည်ကိုလည်းလေ့လာရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

EMDEVS ပထမနစ်မှ ကိုကျော်ကျော်လှိုင်က အခြားသောနိုင်ငံများမှ အေအီးစီ အကောင်အထည် ပေါ်လာသည့်အခါ အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်ရန်အတွက် မည်သည့် အချက်များသည်အားသာချက် အားနည်းချက်များရှိသည်ကို စစ်တမ်းများ လုပ်ထားခြင်း ရှိမရှိသိလိုပါကြောင်းမေးမြန်းပါသည်။

မိမိတို့ ကိုယ်တိုင် သုံးသပ်ထားသည်များ မရှိပါကြောင်း၊ အခြားနိုင်ငံမှ ပြုလုပ်ထားသည့်စစ်တမ်းများရှိပါကြောင်း၊ ဒေါက်တာမျိုးသန့်က ပြန်လည်ဖြေကြားပါသည်။

နေ့လည် ၁၃း၀၀ နာရီအချိန်တွင် ပါရမီစားပွဲဝိုင်းအဖွဲ့၏ (၁၇) ကြိမ်မြောက် အေအီးစီအလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာပြီးစီးခဲ့ပါသည်။